**နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့**

**၁၉၇၃ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ တက္ကသိုလ်ပညာရေး ဥပဒေကို**

**ပြင်ဆင်သည့်ဥပဒေ**

**(နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥပဒေအမှတ် ၁၉/၈၉)**

၁၃၅၁ ခုနှစ်၊ ဝါခေါင်လဆန်း ၁၃ ရက်

(၁၉၈၉ ခုနှစ်၊ ဩဂုတ်လ ၁၄ ရက်)

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့သည် အောက်ပါဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို ၁၉၇၃ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ တက္ကသိုလ်ပညာရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေ ဟုခေါ်တွင်စေရမည်။

၂။ ၁၉၇၃ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ တက္ကသိုလ်ပညာရေး ဥပဒေတွင် -

(က) နိဒါန်း၊ပုဒ်မ ၇ ပုဒ်မခွဲ(ဆ)၊ ပုဒ်မ ၈ ပုဒ်မခွဲ(ခ) ပုဒ်မခွဲငယ်(၇)၊ ပုဒ်မ ၉ ပုဒ်မခွဲ(ခ) ပုဒ်မခွဲငယ်(၆) နှင့် (၇) တိုကို ပယ်ဖျက်ရမည်။

(ခ) ပုဒ်မ ၆ ပုဒ်မခွဲ (က) (ခ) (ဃ) နှင့် (စ) တို့ကို အောက်ပါပုဒ်မခွဲများဖြင့် အစားထိုးရမည်-

(က) မြန်မာလူမှုဘဝနှင့် လျော်ညီသော စိတ်နေသဘောထား ကျင့်ဝတ်သိက္ခာနှင့်ပြည့်စုံသည့် ကျွမ်းကျင်လိမ္မာသောပညာရှင်များ မွေးထုတ်ရန်၊

(ခ) နိုင်ငံတော်ကို အကျိုးပြုမည့် ပညာရှင်များ မွေးထုတ်ရန်၊

(ဃ) နိုင်ငံအကျိုးပြုမည့် ပညာရှင်များ ဆောင်ရွက်ရန်၊

(စ) နိုင်ငံတည်ဆောက်ရာတွင် ပါဝင်နေကြသော ပြည်သူတို့၏ ပညာဉာဏ်အမြော်အမြင်ကိုလည်းကောင်း၊ ကျွမ်းကျင်မှုကိုလည်းကောင်း အစဉ်မပြတ် တိုးတက်ကောင်းမွန်အောင် စီမံဆောင်ရွက်ရန်။

(ဂ) ပုဒ်မ ၈ ပုဒ်မခွဲ(ခ) ပုဒ်မခွဲငယ်(၁၂)ကို အောက်ပါပုဒ်မခွဲငယ်ဖြင့် အစားထိုး ရမည်-

(၁၂) ဥက္ကဋ္ဌ၊ အဖွဲ့ဝင်
ပြည်ထောင်စုမြန်မာနိုင်ငံ
ပညာရေးသုတေသနအဖွဲ့

(ဃ) ပုဒ်မ ၈ ပုဒ်မခွဲ(ဂ) ပုဒ်မခွဲငယ်(၄)ကို အောက်ပါပုဒ်မခွဲငယ်ဖြင့် အစားထိုး ရမည်-

(၄) နိုင်ငံတော် လိုအပ်ချက်နှင့်အညီ တက္ကသိုလ်များတွင် လက်ခံသင်ကြား မည့် ကျောင်းသားဦးရေသတ်မှတ်ရန်၊

(င) ပုဒ်မ ၉ ပုဒ်မခွဲ(ခ) ပုဒ်မခွဲငယ်(၂၃) နှင့် (၂၄) တို့ကို အောက်ပါပုဒ်မခွဲများဖြင့် အစားထိုးရမည်-

(၂၃) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
စက်မှု၊စိုက်ပျိုးနှင့်သက်မွေးပညာဦးစီးဌာန

(၂၄) ဥက္ကဋ္ဌ၊ အဖွဲ့ဝင်
ပြည်ထောင်စုမြန်မာနိုင်ငံ
ပညာရေးသုတေသနအဖွဲ့

(စ) ပုဒ်မ ၁၂ ပုဒ်မခွဲ(ခ) ကို အောက်ပါပုဒ်မခွဲဖြင့် အစားထိုးရမည်-

(ခ) တက္ကသိုလ်စီမံခန့်ခွဲရေး အဖွဲ့အသီးသီးတွင် အောက်ပါပုဂ္ဂိုလ်များ ပါဝင်စေရမည်-

(၁) ပါမောက္ခချုပ် ဥက္ကဋ္ဌ

(၂) ဒုတိယပါမောက္ခချုပ် ဒုတိယဥက္ကဋ္ဌ

(၃) ပညာရေးဝန်ကြီးဌာန အဖွဲ့ဝင်
သို့မဟုတ် သက်ဆိုင်ရာ ဝန်ကြီးဌာနက
ရွေးချယ်သော ပုဂ္ဂိုလ် ၂ ဦး

(၄) တက္ကသိုလ်များဗဟိုကောင်စီဝင်၂ဦး အဖွဲ့ဝင်

| | | |
|---|---|---|
| (၅) | တက္ကသိုလ်ဆရာ ၃ ဦး | အဖွဲ့ဝင် |
| (၆) | ဌာနမှူး (သင်တန်းရေးရာ) | အဖွဲ့ဝင် |
| (၇) | ဌာနမှူး (စီမံ၊ဘဏ္ဍာ) | အတွင်းရေးမှူး |

(ဆ) ပုဒ်မ ၁၂ ပုဒ်မခွဲ (ဃ)ကို အောက်ပါပုဒ်မခွဲဖြင့် အစားထိုးရမည် -

(ဃ) တက္ကသိုလ်ပညာရေးအဖွဲ့အသီးသီး:တွင် အောက်ပါပုဂ္ဂိုလ်များ ပါဝင်စေရမည် -

| | | |
|---|---|---|
| (၁) | ပါမောက္ခချုပ် | ဥက္ကဋ္ဌ |
| (၂) | ဒုတိယပါမောက္ခချုပ် | ဒုတိယဥက္ကဋ္ဌ |
| (၃) | ပါမောက္ခများ | အဖွဲ့ဝင် |
| (၄) | ဌာနမှူးများ | အဖွဲ့ဝင် |
| (၅) | ဘာသာရပ်အသီးသီး၌ ကျွမ်းကျင်သည့် ပြင်ပပုဂ္ဂိုလ်များ | အဖွဲ့ဝင် |
| (၆) | ကောလိပ်နှင့် သိပ္ပံများမှ ကျောင်းအုပ်ကြီးများ | အဖွဲ့ဝင် |
| (၇) | ဒီဂရီကောလိပ်များမှ ပါမောက္ခကိုယ်စားလှယ် ၂ ဦး:စီ | အဖွဲ့ဝင် |
| (၈) | ဌာနမှူး (သင်တန်းရေးရာ) | အဖွဲ့ဝင် |
| (၉) | မော်ကွန်းထိန်း (၁) | အတွင်းရေးမှူး |